
ကြိုစဂ္ဂ
သလင်းကျောက်နန်းတော်

# စာရေးသူ၏ အမှာ စာ

ကျွန်ုပ်ရဲ့ ဂမ္ဘီရဆန်းကြယ် ဝတ္ထုများကို နှစ်သက် လက်ခံကြသော ကျွန်ုပ်ရဲ့ စာဖတ် ပရိသတ်များကို များ စွာ ကျေးဇူးတင်ပါတယ်။

ထိုကျေးဇူးကို တုံ့ပြန်သောအားဖြင့် စာအုပ်တစ်အုပ် ရေးတိုင်း စာဖ တ်သူအတွက် တစ်စုံတစ်ရာ ဗဟု သုတ ရစေနိုင်သော ဒေသန္တရ ဗဟု သုတနှင့် အခြား သုတတစ်ခုကို ထည့်ပေးလေ့ ရှိပါသည် ။

ဥပမာ ... ဂမုန်းပင် အကြောင်း၊ ထူးဆန်းသော ကျောက်များ အကြောင်း၊ ဆေးဖက်ဝင် အပင်များ အကြောင်း စသည် တို့ ဖြစ်ပါသည် ။

ယခု သလင်းကျောက် နန်းတော် ဝတ္ထုမှာ စရဏ သံဟိတာ ဆေးကျမ်း အကြောင်းနှင့် အဋ္ဌမုခ ဓာတ်ပညာ အကြောင်းကို ထည့်သွင်း ရေးသားခဲ့ပါသည် ။

ဆက်လက်၍ လည်း သုတ၊ ရသ ပေးနိုင်သော ဂမ္ဘီရဆန်းကြယ် ဝ တ္ထုများကို အဆက်မပြတ် တင်ဆက်နိုင်ရန် စီစဉ် ဆောင်ရွက်လျက် ရှိပါ သည် ။

ကျွန်ုပ် ရေးသားခဲ့သော ယောကျ်ားတို့ နေရာ၊ မာယာ အဆိပ်ကျွန်း၊ ရတနာ ဒီပတောင်မှ မရဏ ကျိန်စာ၊ မာယာ ဧကရီ ဝတ္ထုများကို နှစ်သက် သဘောကျသော ကျွန်ုပ်၏ စာဖတ် ပရိသတ်များ ၊ ဤ

(သလင်းကျောက် နန်းတော်)ကို ဖတ်ရှုခြင်းဖြင့် စိတ်ထဲမှာ တစ်စုံတစ်ရာ နှစ်သိမ့် ကျေနပ် လိမ့်မည်ဟု မျှော်လင့်မိပါသည် ။

စာဖတ်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ။

**တြိစက္က**

၂-၂-၂၀၀၅

*****

လူအတော် များများကတော့ နဝရတ် ကိုးပါးဆိုတဲ့ ရတနာ ကိုးမျိုးကိုပဲ အသိများကြတယ်၊ ဒါအပြင် လူမသိသေးတဲ့ ကျောက်၊ သိဒ္ဓိရှိတဲ့ ကျောက်တွေပါ ထည့်ပြီး ရေတွက်ရင် အားလုံး ၂၄ မျိုး ရှိတယ်၊ အဲဒါတွေကတော့ ...

**(ဆရာကြီး သူရဋ္ဌ)**

***

ရှေးအခါက မှော်ဆရာ၊ နတ်ဆရာကြီးတွေဟာ သလင်းကျောက်ကို ဝိညာဉ်တွေ သိုလှောင်ထားရာ ပစ္စည်းအဖြစ် အသုံးပြုကြသလို အနာဂတ် မျက်လုံးလို့ တောင် အမည်ပေးခဲ့တယ်။

**(ဆရာကြီး သူရဋ္ဌ)**

***

အာယုဗ္ဗေဒ ဆိုတာ အာယုနဲ့ ဝေဒပေါင်းပြီး ဖြစ်ပေါ်လာတဲ့ အမည်ပဲ ။ သရီရ၊ ဣန္ဒြိယ၊ မန၊ အတ္တ ဆိုတဲ့ လေးမျိုး ပေါင်းစုခြင်းကို "အာယု" လို့ ခေါ်တယ်။

အာယု ဆိုတာ ဇီဝိတိန္ဒြေ ဆိုတဲ့ အသက်ပါပဲ။

**(ဆရာကြီး သူရဋ္ဌ)**

***

ဝေဒဆိုတဲ့ သဒ္ဒါက သိမှုနဲ့ ခံစားမှုလို့ အဓိပ္ပာယ် ရှိတော့ အာယုဝေဒ (အာယုဗ္ဗေဒ)၊ အနက် အဓိပ္ပာယ်က အသက်ရဲ့ အန္တရာယ်တွေ မှန်သမျှ အကျိုးရှိမှု၊ မရှိမှုကို သိနိုင်တဲ့ ပညာမျိုးကို အာယုဗ္ဗေဒ၊ ဒါမှ မဟုတ် အာယုဝေဒ ပညာလို့ ခေါ်ပါတယ်။

**(ဆရာကြီး သူရဋ္ဌ)**

***

အာယုဗ္ဗေဒ ဆေးပညာမှာ အစွမ်းထက်တဲ့ ဓာတ်ပညာ ရှိတယ်၊ အဌ

မုခ ဓာတ်ကျမ်းလို့ ခေါ်တယ်၊ အဲဒီ ဓာတ်ကျမ်းမှာ ရန်လက်ာ ၃၂ လုံးနဲ့ မိတ်လက်ာ ၃၂ လုံး ပါတယ်။ အဲဒါတွေက ...

**(ဆရာကြီး သူရဇ္ဇ)**

***

အချို့ လူတွေက စိတ်ယုတ်မာ ရှိကြတယ်၊ ကြမ်းတမ်း ခက်ထန်မှု များ တယ်၊ မစ္ဆရိယစိတ် အားကြီးကြတယ်၊ ဒါကြောင့် သူတို့ ရဲ့ အတွင်း အဇ္ဈတ္တ စိတ်နဲ့ လိုက်မဲ့ မျက်နှာပုံပန်း သဏ္ဍာန်တွေကို ပြောင်းပေးရ တယ်။

**(ဆရာကြီး သူရဇ္ဇ)**

***

စရဏ သံဟိတာ ဆိုတဲ့ သိကြားမင်းရဲ့ ဆေးကျမ်းထဲမှာ "သလ္လ" ဆိုတဲ့ ခွဲစိတ် ပြုပြင်တဲ့ အတတ်ပညာတွေ ပါတယ်။ လူတစ်ယောက်မှာ ဖွဲ့စည်းထားတဲ့ ၃၂ ကောဋ္ဌာသကို နားလည် ကျွမ်းကျင်ရင် ခွဲစိတ်ပြုပြင်ရတာ လွယ်ပါတယ်။

**(ဆရာကြီး ဦးအဂ္ဂ)**

***

စရဏကျမ်း၊ သုဿုကကျမ်း၊ ဝါဂ္ဘဋ္ဋကျမ်း ဆိုတဲ့ ဆေးကျမ်းတွေဟာ

သိကြားမင်း ပိုင်ဆိုင် စောင့်ရှောက်တာမို့ သာမန်လူတွေ ကြည့်ခွင့် မရနိုင်ပါဘူး။

**(ဆရာကြီး ဦးအဂ္ဂ)**

***

ဓာတ်ကြီး လေးပါး ဆိုတာ ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါဆိုတဲ့ ရေမြေလေမီး ပါပဲ။ ဒီဓာတ်တွေက သက်ရှိ မှန်သမျှကို ချုပ်ကိုင် ထားတာပါပဲ။

အဲဒီ ဓာတ်ကြီး လေးပါးကိုမှ ဂိမ္ဟန္တ၊ ဝသန္တ၊ ဟေမန္တ ဆိုတဲ့ ဥတုသုံးပါးက စောင့်ရှောက် ထားတာပါပဲ။

**(ဆရာကြီး ဦးအဂ္ဂ)**

***

စရဏ သံဟိတာ ဆိုတာ ဆေးပညာရဲ့ အခြေခံ လျှို့ဝှက်ချက်ပဲ၊ ဒါကို သိရင် သက်ရှိ သတ္တဝါ မှန်သမျှကို စိတ်ကြိုက် ဖန်တီးလို့ ရနိုင်တယ်။

**(ဆရာကြီး ဦးအဂ္ဂ)**

*****

# အခန်း (၁)
# သလင်းကျောက်နှင့် ရောက်လာသူ

အချိန်မှာ မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးစ အချိန် ဖြစ်သည် ။

မြန်မာနိုင်ငံ အဝန်းတွင် ပြန်လည် ထူထောင်ကာစ အချိန် ဖြစ်သည် ဆိုကလည်း မမှားပေ။

အခြား နေရာများ မဆိုထားနှင့် ရန်ကုန်မြို့လို နေရာမျိုးမှာ ပင် ဖရိဖရဲ ဖြစ်သည် များကို ပြန်လည် ထူထောင် စုစည်းနေသော အချိန်လည်း ဖြစ်သည် ။

ရန်ကုန် မြို့လယ်ရှိ အချက်အချာ ကျသော နေရာများ ရှိ ဈေးဆိုင်များ ၊ ကုန်တိုက်ကြီး အတော်များများမှာ တရုတ်၊ ကုလားများ ပိုင်ဆိုင်ခဲ့ကြပြီး ကိုလိုနီခေတ် တစ်လျှောက်လုံး ၎င်းတို့ သာ လက်ဝါးကြီး အုပ်ထားခဲ့ရာမှ လွတ်လပ်ရေး ရပြီး နောက်ပိုင်းတွင် အခြေအနေက တစ်မျိုး ပြောင်းလဲ သွားတော့သည် ။

ကိုလိုနီ နယ်ချဲ့များ မရှိတော့သည် နှင့် တရုတ်၊ ကုလား သူဌေး ကုန်သည် အချို့မှာ ၎င်းတို့ ၏ တရုတ်ပြည်၊ ကုလားပြည်သို့ ပြန်သွား ကြလေရာ ရန်ကုန် မြို့လယ်၌ ရှိသော အချက်အချာ ကျသည့် နေရာအတော်များများ ရှိ အဆောက်အအုံ အတော်များများမှာ မြန်မာလူမျိုး

သူဌေးများ လက်သို့ ပြန်လည် ရောက်ရှိ ခဲ့ကြလေသည် ။

ထိုအထဲတွင် ကုန်သည် လမ်းနှင့် ပန်းဆိုးတန်းလမ်း ထောင့်တွင် ရှိသည့် အဆောက်အဦကြီး တစ်ခုလည်း ပါလေသည် ။

ထိုအဆောက်အအုံကြီးမှာ ကိုလိုနီခေတ် တစ်လျှောက်လုံး ကုလားသူဌေးတစ်ဦး ပိုင်ဆိုင်ခဲ့သော အဆောက်အအုံကြီး ဖြစ်ခဲ့ပြီး ထိုသူဌေး အိန္ဒိယသို့ ပြန်သွားသောအခါ မြန်မာလူမျိုး တစ်ဦးက တန်ဖိုးနှုန်း ချိုသာစွာဖြင့် ဝယ်ယူထားကာ မွမ်းမံ ပြင်ဆင်မှုများ ပြုလုပ်ပြီးနောက် ရေးဟောင်း ပစ္စည်းများ ရောင်းသော ဆိုင်အဖြစ် ဖွင့်လှစ်ခဲ့ပေသည် ။

ဆိုင်၏ အဝင်အဝတွင် "လောကပါလ ရှေးဟောင်း ပစ္စည်း အရောင်းဆိုင်" ဟူသော ဆိုင်းဘုတ်ကို ကျွန်းသားပေါ်မှာ ကနုတ်ပန်းများဖြင့် ထွင်းထု ပုံဖော်ကာ ချိတ်ဆွဲ ထားသည် ။

ကျွန်းသားဖြင့် ပြုလုပ်ထားသည် ဆိုသော်လည်း အနှစ်သား ရင့်ရင့်ဖြင့် ပြုလုပ် ထားသောကြောင့် အဝါရောင် မဟုတ်ဘဲ နီညိုရောင်များ သမ်းနေလေရာ မဟော်ဂနီ ဆိုင်းဘုတ်သဖွယ် တင့်တယ် ခံ့ညားလှသည် ။ ကျွန်းသား အပြားပေါ်တွင် မှာ ပင် ဘေးမှ ကနုတ်ပန်းများ နှင့် စာလုံးများကို ထွင်းထု ပုံဖော်ထားသဖြင့် မြန်မာမှု ဆန်လှသည် ။

ထို့ပြင် ...

ဆိုင်၏ အပြင်အဆင်မှာ လည်း တံခါးများ ၊ တိုင်များ ၊ မျက်နှာကျက်များ ၊ ပန်းဆွဲ တိုင်ကာများကို ကျွန်းဖြင့် ပြုလုပ်ထားသော ကနုတ်ပန်းများ ဖြင့် ပြုလုပ် ထားသောကြောင့် တင့်တယ် ခံ့ညား လှပေသည် ။

လောကပါလ ဆိုင်မှာ လမ်းထောင့်တွင် ရှိသော တိုက်ကြီး တစ်ခုလုံးကို အပေါ်ထပ်တွင် လူနေကာ ပစ္စည်းများ ထား၍ အရောင်းပြခန်း ပြုလု

ပ်ထားသဖြင့် အတော့်ကို ကျယ်ဝန်း လှပေသည် ။

ပြခန်း အတွင်းမှာ ရှေးဟောင်း ပစ္စည်းများက စုံလင်လှသည် ။ ရွှေ ငွေဖြင့် ပြုလုပ်ထားသော လူအသုံး အဆောင် ပစ္စည်းများ ၊ သံ၊ ကြေး၊ သတ္တုဖြင့် ပြုလုပ်ထားသော အသုံးအဆောင် ပစ္စည်း၊ လက်နက် ပစ္စည်း များ ၊ ယွန်းထည် ပစ္စည်းများ ၊ ကြွေထည်၊ မြေထည်ဖြင့် ပြုလုပ်ထား သော ပစ္စည်းများ ၊ ကျောက်အမျိုးမျိုးဖြင့် ပြုလုပ်ထားသော ပစ္စည်းများ အပြင် ရှေးဟောင်း လက်ရာဖြင့် ပြုလုပ်ထားသော ပစ္စည်း အတော်များ များ စုံလင်စွာ ရှိပေသည် ။

၎င်းဆိုင်ကို ထူထောင်သော ပိုင်ရှင်မှာ ရှေးဟောင်း သုတေသန ဌာန တွင် ပါမောက္ခ တာဝန်ယူ ဆောင်ရွက်ခဲ့သော ဦးခွန်ဘရင် ဆိုသော ပုဂ္ဂို လ်တစ်ဦး ဖြစ်သည် ။

ဦးခွန်ဘရင်သည် အသက် ငါးဆယ်ကျော် အရွယ်ခန့် ရှိပြီး ရှေးဟော င်း သုတေသန ဌာနတွင် နှစ်ပေါင်းများ စွာ တာဝန် ထမ်းဆောင်ခဲ့သူ ဖြစ်၏။

ကိုလိုနီခေတ် တစ်ခေတ်လုံး အစိုးရ ဝန်ထမ်း ဘဝဖြင့် မြန်မာနိုင်ငံ အတွင်း သာမက အိန္ဒိယ၊ တိဘက်၊ တရုတ် အစရှိသော ရှေးဟောင်းနေ ရာ အတော်များများကို လှည့်လည် သွားလာခဲ့ဖူးသူ ဖြစ်၏။

ထိုသို့ သွားလာရင်းမှ ပင် ရှေးဟောင်း ပစ္စည်း အတော်များများ ကို လည်း စုဆောင်း ရရှိခဲ့သည် ။

ဝန်ထမ်းဘဝမှ အနားယူခဲ့ပြီး မိမိကိုယ်ပိုင်ဆိုင် ဖွင့်လှစ်သောအခါ ထိုပစ္စည်းများကို ပြန်လည် ခင်းကျင်း ရောင်းချခဲ့လေသည် ။

၎င်းဆိုင် အတွင်း၌ ရှိသော ထူးခြားသော ပစ္စည်းများမှာ ဖယောင်း

နှင့် ပြုလုပ်ထားသော ပစ္စည်းများ နှင့် ကျောက် အမျိုးမျိုးနှင့် ပြုလုပ်ထားသော ပစ္စည်းများ ဖြစ်သည် ။

ဦးခွန်ဘရင်သည် ရှေးဟောင်း သုတေသနတွင် တာဝန် ထမ်းဆောင်နေစဉ် ကာလကပင် အနယ်နယ် အရပ်ရပ်သို့ လှည့်လည် သွားလာကာ ပစ္စည်းဟောင်းများ ရှာဖွေခဲ့သဖြင့် မိတ်ဆွေများ ပေါများ ခဲ့သည် ။ နယ်မှ ပစ္စည်းဟောင်း ရောင်းလိုသူများ လာရောက် ရောင်းချလေ့ ရှိသည် ။

အချို့ဆိုလျှင် ဦးခွန်ဘရင် လိပ်စာကို မသိသော်လည်း မေးမြန်း စုံစမ်းပြီး ရောက် လာလေ့ ရှိသည် ။

တစ်နေ့သောအခါ ဦးခွန်ဘရင် ကချင်ပြည်နယ် ဘက်သို့ ရောက်ခဲ့စဉ်က သိကျွမ်း ခင်မင် ဖူးခဲ့သော လူတစ်ဦး ရောက် လာလေသည် ။

ထိုလူသည် မုဆိုး အလုပ်ဖြင့် အသက် မွေးဝမ်းကျောင်း ပြုကာ နယ်စွန်နယ်ဖျား နေရာများ သို့ လှည့်လည် သွားလာခဲ့သူ ဖြစ်ပေသည် ။

သူ၏ အမည်မှာ ခွန်လန်း ဖြစ်ပြီး ဦးခွန်ဘရင်ထံ ရောက်စေရန် အတော့်ကို မေးမြန်း စုံစမ်းပြီးမှ ရောက်လာခဲ့ခြင်း ဖြစ်ပေသည် ။

"ဆရာကြီး ကျုပ်ကို မှတ်မိလားဗျ"

သူက ခရီး ရောက်မဆိုက် မေးလေသည် ။

ဦးခွန်ဘရင်မှာ အသက်အရွယ် ရ လာပြီ ဖြစ်သော်လည်း မှတ်ဉာဏ် ကောင်းသူ တစ်ဦး ဖြစ်ပေသည် ။

သို့သော်လည်း မိမိနှင့် တွေ့ဆုံ ဆက်ဆံဖူးသူ များ သောကြောင့် ရုတ်တရက် မမှတ်မိနိုင်ဘဲ ရှိသော်လည်း မိမိထံသို့ ရောက်လာသော ဧည့်သည် ကို ကောင်းမွန်စွာ ဆီးကြိုလေသည် ။

"ကျုပ်က အသက်အရွယ်ကလည်း ကြီးလာတော့ သတိတွေက လည်း ချို့ယွင်းစ ပြုလာတယ်ဗျာ၊ မိတ်ဆွေက ဘယ်နယ်က လာတာပါ လဲ"

"ကျုပ်က ကချင် ပြည်နယ်ကပါ၊ ကျုပ်နာမည်က ခွန်လန်းလေ ဆ ရာကြီး၊ ဆရာကြီး ကချင်ဘက် ရောက်လာတုန်းက ကျုပ်ကိုယ်တိုင် လိုက်ပို့ ပေးခဲ့တာလေ၊ မမှတ်မိ တော့ဘူးလား"

ခွန်လန်း ဆိုသော လူရွယ်က သူ့ကိုယ်သူ မိတ်ဆက်ပေးပြီး ရှေး ဟောင်း နှောင်းဖြစ် အချို့ကို ပြန်ပြောပြတော့မှ အနည်းငယ် မှတ်မိ သလို ရှိသွားသည် ။

"သြော် ... မှတ်မိပါပြီ၊ မှတ်မိပါပြီ၊ ရုတ်တရက် ဖြုန်းစားကြီး မမှတ် မိတာကိုတော့ သည်းခံပါဗျာ၊ ကိုင်း ... အထဲ ဝင်ထိုင်ပါဦး"

ဦးခွန်ဘရင်က ဧည့်သည် ကို နေရာထိုင်ခင်း ပေးပြီး လာရင်း ကိစ္စ ကို မေးမြန်း ရလေသည် ။

"အခု ရန်ကုန် ဆင်းလာခဲ့တာ ကိစ္စ အထူးရှိလို့ လား၊ ကျုပ်အနေနဲ့ ဘာများ အကူအညီ ပေးရမလဲ မိတ်ဆွေ"

"ရန်ကုန်ကို လာတာကတော့ တခြားကိစ္စ မရှိပါဘူး၊ ဆရာကြီးနဲ့ တွေ့ရအောင် တမင် လာခဲ့တာပါ၊ နောက် ထူးထူးဆန်းဆန်း ပစ္စည်း တ စ်ခုလည်း ရလာလို့ ဆရာကြီးကို ပြဖို့ ယူလာခဲ့တယ်"

ထိုစကားသည် ဦးခွန်ဘရင် အတွက် စိတ်ဝင်စားဖွယ် အကောင်းဆုံး ဖြစ်တော့သည် ။

ခွန်လန်း ဆိုသော လူက ၎င်းလွယ်အိတ် အတွင်းမှာ ထည့်ယူလာ သော ပစ္စည်းတစ်ခုကို ထုတ်ယူပြီး ဦးခွန်ဘရင်အား လှမ်းပေးလေသည်

။

စက္ကူဟောင်း တစ်ခုဖြင့် အထပ်ထပ် ထုပ်ထားသော ၎င်းပစ္စည်းမှာ စိန်တုံး တစ်တုံးကဲ့သို့ အရောင် ထွက်နေသော ကျောက်တုံးအပဲ့ တစ်ခု ဖြစ်သည် ။

ကျောက်တုံး အရွယ်အစားမှာ သိပ်မကြီး လှသော်လည်း စိန်ကဲ့သို့ အလင်းရောင်များက တလက်လက် ဖြာထွက်နေလေသည် ။

"ဒီပစ္စည်း ဘယ်လို ရခဲ့တာလဲ ဆိုတာကို တစ်ဆိတ်လောက် ပြောပြ ပေးပါဦး"

"ကျုပ်က မုဆိုး တစ်ယောက်ဆိုတော့ တောတွေ တောင်တွေထဲမှာ နေရာအနှံ့ လျှောက်သွား နေရတယ် မဟုတ်လား၊ ဒီကျောက်တုံး ရတာ ကလည်း အတော် အဆန်းသားဗျ"

"ပြောပါဦး"

ထိုအခါ ခွန်လန်းဆိုသော လူက အောက်ပါ အကြောင်းများကို စိတ် ဝင်စားဖွယ်ရာ ပြောပြလေသည် ။

ခွန်လန်းသည် အသက် သုံးဆယ်ကျော် အရွယ်ခန့်ရှိသော ဝလန်ရာ ဇီတောင် အနီးမှာ ရှိသော ဆန်ဂေါင်ရွာသား တစ်ဦး ဖြစ်သည် ။

သူသည် မုဆိုး အလုပ်သာမက အခကြေးငွေ ယူကာ လမ်းပြသော အလုပ်ကိုလည်း လုပ်သည် ။

တစ်နေ့သောအခါ ဆန်ဂေါင်ရွာသို့ လူတစ်စု ရောက် လာပြီး လမ်းပြ ရန်အတွက် လာရောက် ငှားရမ်းလေသည် ။

၎င်းတို့ သွားလိုသော နေရာမှာ ဟိမဝန္တာတောင်၊ တိဗက်တောင်တို့

ဆုံရာ မြန်မာနိုင်ငံမှ ခါကာဘိုရာဇီ မြောက်ဘက် နယ်နိမိတ် အဆုံးတွင် ရှိသော ရေကန်ကြီး တစ်ကန် ရှိရာဘက်သို့ ဖြစ်သည် ။

ထိုခရီးလမ်းမှာ လွန်စွာ ခက်ခဲ ကြမ်းတမ်းသည် က တစ်ကြောင်း အန္တရာယ်လည်း ထူပြော လှသောကြောင့် မလိုက် လိုသော်လည်း ညှော်သည် များ ပေးသော ငွေမှာ မက်လောက်သော ငွေကြေး ဖြစ်သောကြောင့် နောက်ဆုံး လမ်းပြပေးရန် သဘောတူပြီး လိုက်သွား ခဲ့ပေသည် ။

ခွန်လန်းမှာ ထိုနယ် ထိုဒေသ ဘက်သို့ ရောက်ဖူးသည် ဆိုသော်လည်း နှံ့စပ်အောင်တော့ မရောက်ဘူးပေ။

သို့သော် ...

၎င်းတို့ လာခေါ်သော လူများမှာ မြေပုံစာရွက် အဟောင်းတစ်ရွက် ပါလာသောကြောင့် ထိုမြေပုံကို ကြည့်သွားသောကြောင့် နောက်ဆုံး ၎င်းတို့ သွားလိုသော ရေကန်ကြီး ရှိရာသို့ ရောက်သွား ကြလေသည် ။

ထိုရေကန်မှာ အင်းကြီး တစ်အင်းမျှ ကြီးမားလှပြီး မြူနှင်းများက အမြဲလို ဝေ့ဆိုင်း နေသောကြောင့် တစ်ဖက်ကမ်းသို့ မမြင်ရပေ။

ခွန်လန်းတို့ အဖွဲ့သည် ဝါးတောမှ ဝါးများကို ခုတ်ယူ ဖောင်ဖွဲ့ပြီး ရေကန်ကြီးကို ဖြတ်ကူး ကြရာမှ တစ်နေရာသို့ ရောက်သောအခါ လူတစ်စု ၏ ဖမ်းဆီး ခေါ်ဆောင် သွားခြင်း ခံရလေသည် ။

ထိုလူတို့ က သူတို့ ကို တောင်ပေါ်တွင် ရှိသော မြို့တစ်မြို့သို့ ခေါ်ဆောင် သွားလေသည် ။

ထိုမြို့ရှိသော နေရာမှာ တောင်ကြီးများ ပေါ်မှာ ရှိသည် ဆိုတာ လောက်သာ သိရပြီး မည်သည့် နေရာတွင် ရှိသည် ဆိုတာကတော့ မခန့်

မှန်းနိုင်ပေ။

ထိုမြို့၌ နေသော လူများမှာ လည်း သာမန်လူများ နှင့် မတူလှဘဲ နှင်းလူများကဲ့သို့ ဖြူဖပ်ဖြူရော် ရှိကာ အဝတ်ဖြူကြီးများ ခြုံထားသောကြောင့် ၎င်းတို့ မျက်နှာများကို မတွေ့ရပေ။

နောက်ဆုံးတော့ သူတို့ ကို သလင်းကျောက် များ ဖြင့် တည်ဆောက်ထားသော အဆောက်အအုံကြီး တစ်ခုထဲသို့ ခေါ်ဆောင် သွားလေသည်။

ထိုအဆောက် အအုံကြီးမှာ နန်းတော်ကြီး တမျှ ခမ်းနား ကြီးကျယ်လှပြီး လူများမှာ လည်း ရှေးခတ် တန်မင်းဆက် အဝတ်အစားများ ဝတ်ဆင်ထားသည် ။

၎င်းတို့ မြို့မှာ ဘုရင်စနစ်ဖြင့် အုပ်ချုပ်နေဆဲ ဖြစ်သည် ။

လက်ရှိ အုပ်ချုပ်နေသူမှာ ဘုရင်မဖြစ်သည် ။

ဘုရင်မက ၎င်းတို့ အားလုံးကို စစ်ဆေးပြီး အပြစ်ရှိသည် ဟု ယူဆသောကြောင့် ထိုလူများကို အပြစ်ဒဏ်များ အသီးသီး ချမှတ်ခဲ့သည် ။

ကျန်လူများကို တစ်နေရာစီ ခေါ်သွားသဖြင့် မည်သည့် အပြစ်ဒဏ်များ စီရင်ချမှတ်သည် ကို မသိရသော်လည်း လမ်းပြပေးခဲ့သော ခွန်လန်းကိုတော့ မြေတွင်းထဲချကာ မြွေစာကျွေးစေရန် အမိန့်ချခဲ့သော်လည်း သူ့မှာ ကံကောင်း လွန်းသောကြောင့် ထိုလူများ လက်မှ လွတ်မြောက် ခဲ့ရသည် ။

သူသည် ပြေးရင်းလွှားရင်း နှင့်ပင် သလင်း ကျောက်များ ဖြင့် ပြုလုပ်ထားသော နန်းတော်ကြီးမှ ကျောက်တုံး တစ်တုံးကို ဖဲ့ယူလာခဲ့လေသည် ။

"ကျုပ်က ကံကောင်းလို့ ပြန်လွတ်ခဲ့ပေမဲ့ ကျန်တဲ့ လူတွေကတော့ ဘယ်လိုဖြစ်လို့ ဘယ်လို ကျန်ခဲ့ကြတယ်ဆိုတာ မသိတော့ပါဘူး ဆရာကြီးရယ်၊ ကျုပ်တောင်မှ ရွာပြန်ရောက်ပြီး နေမကောင်း ဖြစ်လို့ အတော်ကို ဆေးကုခဲ့ ရသေးတယ်"

"စိတ်ဝင်စား စရာပါပဲ"

"ဆက်ပြောရဦးမယ် ဆရာကြီး၊ ကျုပ်မှာ အသက်မသေသေးဘဲ ရွာကို ပြန်ရောက်ခဲ့ပေမဲ့ တစ်ရက်မှ ကောင်းကောင်း မနေရဘူးဗျာ"

"ဘာကြောင့်လဲကွယ်"

"ညတိုင်း၊ ညတိုင်း ကျုပ်ဆီကို လူဖြူကြီးတွေ ရောက် လာပြီးတော့ သလင်းကျောက်တုံးကို လာပြန် တောင်းနေကြတယ်၊ နောက်ပြီး တစ်ခု ထူးဆန်းတာက အဲဒီလူကြီးတွေကို ကျုပ်တစ်ယောက်တည်းပဲ မြင်ရပြီး ကျန်တဲ့ လူတွေက မမြင်ကြရဘူး"

"နောက်တော့ ရွာသူရွာသားတွေက ကျုပ်ကို စိတ်မနှံ့တော့ဘူး လို့တောင် ထင်နေကြတယ် ဆရာကြီး"

"အဲဒီ လူဖြူကြီးတွေက ဘယ်လို အချိန်မျိုးတွေမှာ လာတတ်ကြသလဲ"

"အများ အားဖြင့်တော့ သူတို့ လာတဲ့ အချိန်တွေက ညဘက်တွေမှာပဲ ရောက်လာကြတယ် ဆရာကြီး"

"စိတ်ဝင်စား စရာပဲ"

ဦးခွန်ဘရင်က ၎င်းလက်ထဲမှာ ကိုင်ထားသော သလင်းကျောက်တုံးကို အသေအချာ ကြည့်သောအခါ ထိုအရာမှာ ရုပ်တုတစ်ခု၊ ဒါမှ မဟုတ် အဆောက်အအုံ တစ်ခုမှ ဖဲ့ယူလာသော ပစ္စည်းတစ်ခု ဖြစ်မှန်းတော့ သိ

လိုက်သည် ။

"အခု ကျုပ်က ဘယ်လို အကူအညီများ ပေးစေချင်ပါသလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ အခု ကျုပ်ဆရာကြီး ဆီကို တကူးတက လာတာက ဒီအကြောင်း တွေကိုလည်း ပြောပြချင်တာရယ်၊ နောက်ပြီး ဒီကျောက်တုံးကိုလည်း ကျုပ်ဆီမှာ မထားဝံ့တော့လို့ ဆရာကြီးဆီကို လာပို့ပေးတာပါ"

ခွန်လန်းက ရိုးသား ပွင့်လင်းသော တောင်ပေါ် တိုင်းရင်းသား ပီပီ စိတ်ထဲမှာ ရှိသည့်အတိုင်း ဖွင့်ပြောလေသည် ။

"အခုလို လာပြောပြတာ ကျေးဇူး တင်ပါတယ်၊ ကျုပ်က အခုလို ထူးထူးဆန်းဆန်း အကြောင်းမျိုးတွေကို စိတ်ဝင်စား ပါတယ်၊ ကျုပ်ရဲ့ မိတ်ဆွေတွေနဲ့ တိုင်ပင်ပြီးတော့ ခွန်လန်းတို့ နယ်ဘက်ကို တက်လာခဲ့ပါဦးမယ်"

"လာခဲ့ပါ ဆရာကြီး၊ လိုအပ်တဲ့ အကူအညီကို ကျုပ် ပေးပါ့မယ်"

ထိုအခါ ဆရာကြီး ဦးခွန်ဘရင်က သဘောကျစွာ တစ်ချက် ပြုံးလိုက်သည် ။

ထို့နောက် ၎င်း၏ ကုတ်အင်္ကျီဘေး အိတ်အတွင်းမှ ကပ္ပိတန် ဆေးတံသောက် ဆေးဘူးနှင့် ငွေရောင်အရိုး တပ်ထားသော ဆေးတံကို ထုတ်ယူကာ ဆေးတစ်အိုး ဖြည့်ပြီး မီးညှိ ဖွာလိုက်သည် ။

ဆေးတံကို မီးအရှိန် ရစေရန် တစ်ဖွာနှစ်ဖွာ ဖွာလိုက်ပြီးမှ ...

"ခွန်လန်းက အဲဒီခရီးကို တစ်ခေါက် သွားခဲ့ဖူးတာ ဆိုတော့ နေရာတွေ၊ လမ်းတွေကိုရော မှတ်မိသေးရဲ့ လား"

"ကျုပ်တို့ သွားခဲ့တာ သိပ်မှ မကြာသေးတာ၊ ရေကန်ကြီးဆီ ရောက်အောင် သွားဖို့ တော့ လမ်းတွေကို မှတ်မိပါသေးတယ်"

"တကယ်လို့ ကျုပ်တို့ သွားမယ် ဆိုရင်ရော ခွန်လန်း အနေနဲ့ လိုက်ပြီး လမ်းပြပေး နိုင်ဦးမလား"

ဦးခွန်ဘရင်က သွေးတိုး စမ်းသည့် သဘောမျိုးဖြင့် မေးလိုက်သော်လည်း ခွန်လန်းမှာ တီကို ဆားနှင့် တို့လိုက်သကဲ့သို့ တွန့်ခနဲ ဖြစ်သွားလေသည်။

"ဒါ ... ဒါကတော့ ..."

"ဘာလဲ ... အဲဒီနေရာကို ပြန်သွားရမှာ ကြောက်နေလို့ လား ခွန်လန်း"

"ကြောက်တော့ မကြောက်ပါဘူး၊ ဒါပေမဲ့ ဒီနေရာ မျိုးတွေက အန္တရာယ် သိပ်များ လွန်းလို့ အစကတည်းက မသွားဘဲနေရင် ပိုကောင်းပါတယ် ဆရာကြီး"

ဟု တားမြစ်လေသည်။

ဦးခွန်ဘရင်သည် ထိုစကား ကြားသောအခါ သဘောကျစွာ တစ်ချက် ပြုံးလိုက်ပြီးနောက် ...

"ဒါကလည်း စကားအဖြစ် ပြောတာပါ၊ လာဖြစ် မလာဖြစ် အသေအချာ တပ်အပ် မပြောနိုင် သေးပါဘူး၊ အခု ဒီကျောက်တုံးကို ဈေးဖြတ်ပြီးတော့ ယူထားလိုက်ပါ့မယ်၊ နောက်ပြီး ခွန်လန်းကို ကျေးဇူးဆပ်တဲ့ အနေနဲ့ စရိတ်စကကိုလည်း ထောက်ပံ့ပေး လိုက်ပါ့မယ်"

"ကျေးဇူး တင်ပါတယ် ဆရာကြီးရယ်"

ထို့နောက် ...

ဆရာကြီး ဦးခွန်ဘရင်သည် သလင်း ကျောက်တုံးအတွက် ကျသင့်ငွေအပြင် စရိတ်စက ငွေကြေးများ ၊ အသုံးအဆောင် ပစ္စည်းနှင့် အစားအသောက် များကိုပါ ပေး လိုက်လေ၏။ ခွန်လန်း ဆိုသော လူမှာ များ စွာ ဝမ်းမြောက် ဝမ်းသာ ဖြစ်လျက် အကယ်၍ ကချင်ပြည်နယ် ဘက်သို့လာပါက လိုအပ်သော အကူအညီများ ပေးမည်ဖြစ်ကြောင်း အ ထပ်ထပ် ကတိပေးကာ ပြန်သွား လေတော့သည် ။

*****

## အခန်း (၂)
## လူဖြူပေလော ... ဝိညာဉ်လော ...

ညဦးပိုင်းအချိန် ရှိသေးသော်လည်း ပန်းဆိုးတန်း အောက်ဘက်နှင့် ကုန်သည် လမ်း၊ ကမ်းနားလမ်း တစ်ဝိုက်မှာ တော့ ကားအသွားအလာနှ င့် လူသွားလူလာများ အတော် ကျဲပါးသွားပြီ ဖြစ်၏။

ကမ်းနားလမ်း တစ်လျှောက် နေ့ရောညပါ လူစည်ကားသော နေရာ မှာ ညောင်ပင်လေးဈေး၊ ကီလီဈေးနှင့် မော်တင် တစ်ဝိုက်သာ ဖြစ်ပြီး ကျန်နေရာ များမှာ တော့ သာမန်မျှသာ ရှိပေသည် ။

ကမ်းနားလမ်းမှာ ရန်ကုန်မြို့၏ အဓိက လမ်းမကြီး ငါးသွယ်တွင် တစ်လမ်း ပါဝင်ပြီး လှိုင်မြစ်ကမ်း အတိုင်း သွယ်တန်း ဖောက်လုပ် ထား သဖြင့် ကမ်းနားလမ်းဟု အခေါ် များ သော်လည်း Strand Hotel ရှိ သောကြောင့် Strand ဟူသော အမည်ကလည်း ထင်ရှားပေ၏။

ကုန်သည် လမ်းနှင့် ပန်းဆိုးတန်း အောက်လမ်းဆုံရာ ထောင့်တစ်ဝို က်မှာ တော့ ဒလဘက်သို့ ကူးသော ကူးတို့ သမ္ဗန်များ ရှိသဖြင့် အတန် အသင့် လူစည်သည် ဆိုသော်လည်း ညကိုးနာရီ ကျော်လျှင်တော့ လူအ သွား အလာရော၊ ကားအသွား အလာပါ ကျဲပါးသွား တတ်ပေသည် ။

ညဥ့်နက်ပိုင်း ရောက်လာသည် နှင့် ဟိုတယ်ဘက်မှ အပျော်ကြူးပြီး ပြန်လာသော ကားတစ်စင်း တစ်လေနှင့် အမူးသမားများကို သယ်ဆော

င် လာသော လန်ချားတစ်စင်း တစ်လေလောက်သာ ဖြတ်သွားဖြတ်လာ ရှိပြီး အချိန် အတော်များများ မှာ တော့ တိတ်ဆိတ် ငြိမ်သက်လျက် ရှိပေသည် ။

ကမ်းနားလမ်း ဘက်ရှိ ကာစတန်ရုံး ဘက်မှ နာရီသံချောင်း ခေါက်သံ ဆယ်ချက်တိတိ ပေါ်ထွက်လာသည် ။

ထိုအချိန်တွင် ကမ်းနားလမ်း ဘက်မှ လူနှစ်ယောက် ထွက်လာသည် ။

ထိုလူ နှစ်ယောက်သည် အဖြူရောင် ဝတ်စုံများကို ဦးခေါင်းမှ စပြီး တစ်ကိုယ်လုံး ခြုံထားကြသည် ။

အဝေးမှ လှမ်းကြည့်လျှင်တော့ ကုလား နှစ်ယောက် လမ်းလျှောက်လာသည် နှင့် သဏ္ဌာန် တူလှသည် ။

သူတို့ နှစ်ယောက်သည် ပန်းဆိုးတန်း လမ်းထောင့်ရှိ လောကပါလ ရှေးဟောင်း ပစ္စည်းများ ရောင်းသော ဆိုင်ရှိရာဘက်သို့ လျှောက်သွားကြလေသည် ။

ပတ္တာရောင် လှည့်လာသော ပုလိပ် နှစ်ယောက်က ထိုလူ နှစ်ယောက်ကို မြင်သောအခါ မသင်္ကာသော အကြည့်ဖြင့် ကြည့်လိုက်သော်လည်း မည်သို့မျှတော့ ပြောဆိုခြင်း မရှိပေ။

လောကပါလ ဆိုင်ရှေ့သို့ ရောက်သောအခါ ပိတ်ထားသော တံခါးထောင့် တစ်နေရာတွင် ဆေးခြောက် အနည်းငယ် ထည့်ထားသော ဆေးပတ်လိပ် တစ်လိပ်နှင့် စည်းစိမ် ယူနေသော အစောင့် ကုလားက နေရာမှ ထလာသည် ။

"ဒီအချိန် ရောက်မှ ဘာကိစ္စ ရှိလို့ လဲ"

"ဒီဆိုင်ထဲကို ခဏ ဝင်ချင်လို့ ပါ"

လူဖြူကြီး တစ်ယောက်က ပြောသည်။

"ဆိုင်က ညနေ (၆) နာရီ ကျော်ရင် ပိတ်တယ်၊ ဆိုင်ပိတ်ပြီးရင် ဘယ်သူမှ ဝင်လို့ မရတော့ဘူး"

"ကျုပ်တို့ က ဟိုးအဝေးကြီးက လာရတာ ဆိုတော့ ခဏဖြစ်ဖြစ် အထဲဝင်ရမှ ဖြစ်မယ်"

"ဆရာကြီးက အထဲကို ဘယ်သူမှ မဝင်ရဘူးလို့ အမိန့် ထုတ်ထားတယ်၊ ဒီအချိန်မှ အထဲဝင်ရင် သူကြိုက်မှာ မဟုတ်ဘူး "

"ဒါဖြင့် ခဏ သွားပြောပေးပါ၊ သူ သဘောတူရင်လည်း ဝင်ပါ့မယ်၊ သဘောမတူရင်လည်း မဝင်ပါဘူး"

ဟု ပြောနေပြန်ရာ အစောင့် ကုလားမှာ အကြံရ ခက်သွားဟန်ဖြင့် ဦးခေါင်းကို တွင် တွင် ကုပ်လျက် ရှိနေရာမှ ...

"ဒါဖြင့် ဒီမှာ ခဏလေး စောင့်ပါ၊ ဆရာကြီးကို သွားမေး ကြည့်လိုက်ဦးမယ်"

ဟု ပြောဆိုကာ အတွင်းသို့ ဝင်သွားလေသည်။

အတန်ကြာ သောအခါ ပြန်ထွက် လာသည်။

သူနှင့်အတူ ဦးခွန်ဘရင်လည်း နောက်မှ ပါလာသည်။

အပြင်သို့ ရောက်သောအခါ လူဖြူကြီး နှစ်ယောက်တို့ ကို မတွေ့ရတော့ပေ။

"ဆာမိ၊ ဘယ်မှာ လဲ မင်းပြောတဲ့ လူနှစ်ယောက်"

"စောစောက ဒီနေရာမှာ ရပ်နေတယ် ဆရာကြီး၊ အခု ဘယ်ရောက်

သွားကြပြီလဲ မသိဘူး"

ဦးခွန်ဘရင်ပါ ဇဝေဇဝါ ဖြစ်သွားပြီး ပတ်ဝန်းကျင် တစ်ဝိုက်သို့ ကြည့်သော်လည်း အစအနမျှ မတွေ့ရပေ။

ပန်းဆိုးတန်းလမ်း တစ်လျှောက်မှာ သော် လည်းကောင်း၊ ကုန်သည်လမ်း ဘက်မှာ သော် လည်းကောင်း လူသွားလူလာ လုံးဝ မရှိသလောက် ရှင်းနေပြီး ဘာဆိုဘာမှ မတွေ့ရပေ။

မီးရောင် မှုန်ဝါးဝါး အောက်မှာ တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေသည် ။

"ဘယ်သူမှ လည်း မတွေ့ပါဘူး၊ မဟုတ်ခါမှ လွဲရော၊ မင်းဆေးခြောက်တွေ အများကြီး ရှူပြီး မူးနေပြီ ထင်တယ်"

"ဆာမိ ဒီလောက် ဆေးခြောက် ရှူရုံနဲ့ တော့ ဘာမှ မဖြစ်သေးပါဘူး၊ လူနှစ်ယောက်ကို သေသေချာချာ တွေ့လိုက်ရတာပါ"

ဆာမိကလည်း ဇွတ်ပြောသည် ။

"မင်းပြောတာ သေချာရဲ့ လား"

"သေချာပါတယ် ဆရာကြီးရဲ့ "

"ဒါဖြင့် ဘယ်လို ပုံစံမျိုးတွေလဲ၊ ငါ့ကို ပြောပြစမ်း"

"နှစ်ယောက်စလုံး အရပ်မြင့်မြင့်နဲ့ အဝတ်ဖြူကြီးတွေကို တစ်ကိုယ်လုံး ခြုံထားကြတယ် ဆရာကြီး"

"ဟင် ... အဝတ်ဖြူကြီးတွေ ခြုံထားတယ် ဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

ထိုစကား ကြားသောအခါ ဦးခွန်ဘရင်သည် ခွန်လန်း ပြောခဲ့သော

စကားများကို ပြန်လည် သတိရမိလေသည် ။

သို့ကြောင့် ...

ဘာမှ ဆက်မပြောတော့ဘဲ ဆာမိကိုသာ တံခါးပေါက်အား ကောင်းမွန်စွာ စောင့်ရှောက်စေရန် မှာ ကြားခဲ့ပြီး အတွင်းသို့ ပြန်ဝင်ခဲ့ သည် ။

အတွင်းသို့ ရောက်သောအခါ အပေါ်ထပ်သို့ မတက်သေးဘဲ အောက်ထပ်ဘက်ရှိ ရှေးဟောင်း ပစ္စည်းများ ထားသော အခန်းအား မီးလုံးများ ဖွင့်ကြည့်သောအခါ အခန်းထဲမှာ တော့ မည်သည့် အရိပ်အယောင်မှ မ တွေ့ရပေ။

ဦးခွန်ဘရင်သည် အောက်ထပ်ရှိ မိမိပစ္စည်းများ ထားသော နေရာများကို လိုက်လံ ကြည့်ရှုသော်လည်း ဘာမှ မတွေ့ရသဖြင့် အနည်းငယ် စိတ်အေး သွားသည် ။

သို့သော်လည်း စိတ်ထဲမှာ သတိရလိုက် မိသောကြောင့် ခွန်လန်း ပေးထားခဲ့သော သလင်း ကျောက်တုံးထားသော နေရာသို့ သွားကြည့် သောအခါ ခြေရာလက်ရာ ပျက်နေသည် ကို သတိပြုမိလေသည် ။

သလင်း ကျောက်တုံးကတော့ နေရာတွင် ရှိနေသည် ။

သို့သော် မိမိ ထားသည့်အတိုင်း မဟုတ်ဘဲ နေရာရွှေ့နေသည် ကို တွေ့ရသည် ။

သို့အတွက်ကြောင့် အခန်းတွင်းရှိ မသင်္ကာဖွယ် နေရာများကို လိုက်လံ ကြည့်သောအခါ ရှေ့ဘက်သို့ ထွက်သော တံခါးပေါက် အနီးတွင် လူရိပ်လိုလို တွေ့လိုက်ရသောကြောင့် ထိုနေရာဘက်သို့ လျှောက်လာခဲ့ သည် ။

သူ မလှမ်းမကမ်းသို့ ရောက်သောအခါ အခန်း တစ်နေရာမှ အရိပ် ဖြူဖြူနှစ်ခု ရိပ်ခနဲ တွေ့ရပြီး ထိုအရိပ် နှစ်ခုသည် တံခါးပေါက်မှ အပြင် ဘက်သို့ ထွက်သွား လေတော့သည် ။

"ဟင် ..."

ဦးခွန်ဘရင် များ စွာ အံ့ဩ သွားတော့သည် ။

အရိပ်ဖြူဖြူ နှစ်ခု ထွက်သွားသော တံခါးပေါက်မှာ ပိတ်ထားသော တံခါးပေါက် ဖြစ်သည် ။

သူ ကပျာကယာ တံခါးအနီးသို့ လျှောက်သွားပြီး လိုက်ကြည့် ပြန် တော့လည်း ဘာမှ မတွေ့ရပေ။ သို့ကြောင့် ...

တံခါးကို ဖွင့်လိုက်သောအခါ အပေါက်ဝတွင် ဆာမိကို တွေ့ရသည် ။

"ဟင် ... ဆရာကြီး"

ဆာမိက ဦးခွန်ဘရင်ကို မြင်လိုက်ရသဖြင့် အံ့ဩ သွားလေ တော့သည် ။

"ဆာမိ စောစောက ဒီတံခါးပေါက်က လူနှစ်ယောက် ထွက်သွားတာ တွေ့လိုက်မိလား"

"ဟင့်အင်း ... မတွေ့ဘူး ဆရာကြီး၊ ကျွန်တော် ဒီနေရာမှာ တစ်ချိန် လုံး ရှိနေတာပဲ"

ဦးခွန်ဘရင် ပို၍ အံ့ဩ သွားတော့သည် ။

"ဘာတွေ့လို့ လဲ ဆရာကြီး"

"ဘာမှ မတွေ့ပါဘူးကွာ၊ မင်းသေသေချာချာ ဂရုစိုက်ပြီးတော့ စောင့်

နော်"

"စိတ်ချပါ ဆရာကြီး"

ဦးခွန်ဘရင် တံခါးကို ပြန်ပိတ်ပြီး အိမ်ထဲ ပြန်ဝင် လာလေသည် ။

ထိုညက အတွေးကောင်း နေသောကြောင့် ကောင်းစွာ အိပ်မပျော်ဘဲ ရှိနေရာမှ သန်းခေါင်ကျော် အချိန်လောက် ရောက်သောအခါမှ မှေးခနဲ အိပ်ပျော် သွားလေသည် ။

သူ အိပ်ပျော်သွားစဉ် အိပ်မက်ထဲမှာ လူဖြူကြီး နှစ်ယောက် ရောက်လာပြီး သူ့ထံမှ သလင်း ကျောက်တုံးကို ပြန်တောင်း ကြလေသည် ။

သို့သော် ဦးခွန်ဘရင်က ပြန်မပေးသောကြောင့် ဒေါသ ဖြစ်လွန်းသဖြင့် နှစ်ယောက်စလုံး ဦးခေါင်းပေါ်မှ ခြုံထားသော အဝတ်များကို ဖယ်ပစ် လိုက်ကြသည် ။

"ဟင် ..."

၎င်းတွေ့မြင် လိုက်ရသော မျက်နှာများမှာ တွေ့မြင်နေကျ လူမျက်နှာများ နှင့် သိပ်မတူလှဘဲ တောင်တန်းများ ပေါ်တွင် ကျင်လည်ကျက်စားလေ့ရှိသော နှင်းလူ သတ္တဝါများ ၏ မျက်နှာများ နှင့် ပုံပန်းသဏ္ဌာန် တူလှသောကြောင့် များ စွာ ထိတ်လန့် အံ့သြမှု ဖြစ်မိလေသည် ။

ဦးခွန်ဘရင်သည် အိပ်မက်ထဲမှာ တွေ့မြင်ရသော နှင်းလူမျက်နှာကြီးများကို မြင်လိုက်ရသဖြင့် ကြောက်ရွံ့ ထိတ်လန့်မှု ဖြစ်ကာ အိပ်ပျော်ရာမှ လန့်နိုးခဲ့ရလေသည် ။

ထိုညက သူကောင်းစွာ အိပ်မပျော်ခဲ့ပေ။

ညဉ့်နက်ပိုင်း အချိန်တွင် အဝေးမှ အူလိုက်သော ခွေးအူသံများကို

ချောက်ချားဖွယ်ရာ ကြားရသည် ။

အပေါ်ထပ်ရှိ မိမိအိပ်ခန်း ပြတင်းပေါက်မှ လှမ်းကြည့်လျှင် မှန် တံခါး မှ တစ်ဆင့် လမ်းမပေါ်သို့ လှမ်းမြင် နေရသည် ။

မြူနှင်းများ ဝေ့နေသော လမ်းမပေါ်တွင် တစ်ခါတစ်ရံ ခြေသံများ ကြားရသဖြင့် လှမ်းကြည့် လိုက်သောအခါ အဖြူရောင် အဝတ်များ ခြုံ ထားသော လူကြီးများကို လှမ်းမြင်ရသဖြင့် များ စွာ အံ့သြမှု ဖြစ်မိလေ သည် ။

ပန်းဆိုးတန်း လမ်းမပေါ်မှာ တစ်ညလုံး ခေါက်တုံ့ခေါက်ပြန် လျှောက်နေသော လူဖြူကြီးများမှာ နံနက် လေးနာရီ ကျော်ကျော် လောက် သောအခါမှ ဒလဘက်မှ ကူးလာသော ဈေးသည် များ တက် လာတော့မှ ပျောက်သွား ကြလေတော့သည် ။

နံနက် လင်းသောအခါ ဦးခွန်ဘရင်သည် ထိုအကြောင်းကို သားဖြစ် သူ ကိုကျော်စွာကိုပင် ဖွင့်မပြောတော့ဘဲ ရွှေခုံတိုင် (ရွှေဂုံတိုင်) လမ်းဘ က်တွင် နေထိုင်သော မိမိ၏ မိတ်ဆွေ တစ်ဦးဖြစ်သူ ဆရာကြီး သူရဇ္ဇ ရှိ ရာသို့ ဘောက်စ်ဂွန်း ကားကလေးဖြင့် တစ်ယောက်တည်း ထွက်လာခဲ့ သည် ။

ဆရာကြီး သူရဇ္ဇ နေထိုင်သော ခြံမှာ ငါးထပ်ကြီး ဘုရား အနောက် ဘက်တွင် ရှိပြီး လူသူနေအိမ်များ နှင့် အလှမ်းဝေးကာ တိတ်ဆိတ် ငြိမ် သက်သော နေရာဖြစ်သည် ။

ဆရာကြီး သူရဇ္ဇမှာ အသက် ငါးဆယ်ကျော် အရွယ်ရှိပြီး ရှေးဟောင်း ဂမ္ဘီရ ပညာများကို လေ့လာလိုက်စားသူ ဖြစ်ကာ အင်္ဂရတ် ပညာကိုလည်း များ စွာ ဝါသနာပါသူ ဖြစ်သည် ။

၎င်း၏ စာကြည့်ခန်းတွင် ရှေးဟောင်း ဂမ္ဘီရပညာနှင့် ပတ်သက်၍ မှတ်တမ်း တင်ထားသော စာအုပ်စာတမ်း မြောက်မြားစွာ ရှိလေသည် ။

ဦးခွန်ဘရင် အနေနှင့် ၎င်းထံသို့ ရောက်ရှိလာသော ရှေးဟောင်း ပစ္စည်းများ နှင့် ပတ်သက်ပြီး မသိသော အချက်များ ရှိပါက ဆရာကြီး သူရဋ္ဌထံ သွားရောက်မေးမြန်း ရလေ့ရှိသည် ။

နံနက်စောစော ဘုရားဝတ်ပြုပြီး ခြံထဲ ဆင်းလာသော ဆရာကြီး သူရဋ္ဌသည် ခြံထဲသို့ မောင်းဝင်လာသော ဦးခွန်ဘရင်၏ ကားကလေးကို လှမ်းမြင် လိုက်သောအခါ အံ့ဩမှုတော့ မရှိလှတော့ပေ။

ဦးခွန်ဘရင် ကားရပ်ပြီး ကားပေါ်မှ ဆင်းလာသောအခါ မိမိ၏ စာကြည့်ခန်းသို့ ခေါ်သွားလေသည် ။

"ဘယ့်နှယ်လဲ ဦးခွန်ဘရင်၊ ဒီလောက် အစောကြီး လာပုံထောက်တော့ ကိစ္စတစ်ခု အရေးကြီး လာပြီထင်တယ်"

"ဟုတ်ပ့ါဗျာ၊ ကျုပ်မှာ လည်း တွေ့လိုက် ရရင်တော့ အဆန်းချည်းပါပဲ၊ အိမ်ထဲ ရောက်မှ ပဲ ပြောပါရစေတော့"

နှစ်ဦးသား အိမ်အတွင်းသို့ ဝင်ခဲ့ကြပြီး ဆရာကြီး သူရဋ္ဌ၏ စာကြည့်ခန်း အတွင်းသို့ ရောက်သောအခါ ဦးခွန်ဘရင်က ကတ္တီပါ အိတ်တစ်လုံးဖြင့် ထည့်ယူလာသော သလင်း ကျောက်တုံးကို ထုတ်ပြလိုက်သည် ။

ဆရာကြီး သူရဋ္ဌက အလင်းရောင် ကောင်းစွာရသော ပြတင်းပေါက် အနီးသို့ ယူသွားပြီး အသေအချာ ကြည့်သည် ။

ထို့နောက် ...

သာမန် ကြည့်ရုံဖြင့် အားမရနိုင်သေးဘဲ စားပွဲပေါ်မှ မှန်ဘီလူးကိုပါ ယူပြီး စေ့စေ့စပ်စပ် ကြည့်ပြီးမှ မှတ်ချက်ချသည် ။

"ဒီကျောက်တုံးကို သာမန် ကြည့်ရင်တော့ ရိုးရိုး သလင်းကျောက် တုံး တစ်တုံးလို့ ထင်ရပေမဲ့ သေသေချာချာ ကြည့်ရင်တော့ ဒီကျောက် တုံးနဲ့ ပတ်သက်ပြီး လျှို့ဝှက်ချက်တွေကို တွေ့ရတယ်၊ ဒါနဲ့ ဆက်စပ်ပြီး တော့ ဆန်းကြယ်မှုတွေ အများကြီး ရှိပုံရတယ်၊ ခင်ဗျား ဒီကျောက်တုံး ကို ဘယ်ပုံ ဘယ်လို ရတယ် ဆိုတာလဲ တစ်ဆိတ်လောက် ပြောပြပါ လား ကိုဘရင်"

ထိုအခါ ဦးခွန်ဘရင်က သူ့ထံသို့ ကချင်ပြည်နယ် ဘက်မှ မုဆိုး ခွန် လန်း ယူလာပုံနှင့် ခွန်လန်း ပြောပြခဲ့သော အကြောင်းများကို ပြန်ပြော ပြ လိုက်လေသည်။

ထိုစကားများကို ဆရာကြီး သူရဇ္ဇက လက်ဖက်ရည်ကြမ်း ခါးခါး တစ်ခွက်ကို သောက်ရင်းနှင့် နားထောင်နေသည်။

စကား ဆုံးသောအခါမှ ...

"အင်း ... ခင်ဗျားပြောတဲ့ အကြောင်းအရာ တွေကတော့ ဆန်းကြယ် တာ အမှန်ပဲဗျို့၊ ဒီကျောက်က စာရင်းဝင် ကျောက်မျက်ရတနာ ၂၄ ပါး ထဲမှာ တစ်ပါး ပါဝင်တဲ့ ကျောက်မျိုးပဲဗျ"

"ဘယ်လို ပါဝင်တာလဲ ပြောပြပါဦး ဆရာကြီး"

"လူအတော် များများကတော့ နဝရတ် ကိုးပါးဆိုတဲ့ ရတနာ ကိုးမျိုး ကိုပဲ အသိများကြတယ်။ ဒါအပြင် လူမသိသေးတဲ့ ကျောက်၊ သိဒ္ဓိရှိတဲ့ ကျောက်တွေပါ ထည့်ပြီး ရေတွက်ရင် အားလုံး ၂၄ မျိုး ရှိတယ်၊ အဲဒါ တွေကတော့ ... (၁) ဝရဇိန်ကျောက်၊ (၂) မဟာနီလာကျောက်၊ (၃) ဣန္ဒ နီလာကျောက်၊ (၄) မသာရဂလ်ကျောက်၊ (၅) ကြောင်မျက်ရွဲ၊ (၆) ပဒုမ ရာဂကျောက်၊ (၇) ဥဿဖရားကျောက်၊ (၈) ကရတ္တဝန်ကျောက်၊ (၉) သ လာကကျောက်၊ (၁၀) သန္တာကျောက်၊ (၁၁) ဇောတိရသ်ကျောက်၊ (၁၂)

ဂေါမုတ်ကျောက်၊ (၁၃) ဂေါမိတ်ကျောက်၊ (၁၄) သောဂန္ဓိကကျောက်၊ (၁၅) ပုလဲ၊ (၁၆) ခရုသင်း၊ (၁၇) မျက်စဉ်းကျောက်၊ (၁၈) ရာဇဝတ္တကျောက်၊ (၁၉) ပတ္တမြားကျောက်၊ (၂၀) ရွှေ၊ (၂၁) ငွေ၊ (၂၂) စိန်ကျောက်၊ (၂၃) မြကျောက်၊ (၂၄) သလင်းကျောက် ဆိုပြီး ကျောက်မျက်ရွဲ ရတနာပစ္စည်း စာရင်းဝင် ၂၄ မျိုး ရှိတယ်ဗျ၊ အဲဒီအထဲမှာ အခု ခင်ဗျား ယူလာတဲ့ သလင်းကျောက်လည်း စာရင်းဝယ်တယ်ဗျ"

"ဒီသလင်းကျောက်က ဘယ်လို နေရာမျိုးမှာ အသုံးပြုသလဲ ဆရာကြီး"

"ရတနာပစ္စည်းတွေနဲ့ ကျောက်မျက် ရတနာတွေကတော့ လူတွေ အနေနဲ့ အထွတ်အမြတ် နေရာတွေမှာ အသုံးပြုလေ့ ရှိကြတာပါပဲ၊ သလင်း ကျောက်ကတော့ အထွတ်အမြတ် နေရာမှာ အသုံးများ တယ်ဗျာ"

"ပြောပါဦး ဆရာကြီး"

"သလင်း ကျောက်ကို လူ့အသုံးအဆောင် လက်ဝတ် ရတနာတွေ အဖြစ် အသုံးပြုတာ နည်းပါတယ်၊ ဗုဒ္ဓ ဆင်းတုတော်တွေနဲ့ ရှေးဟောင်း နန်းတော်ကြီးတွေက အသုံးများကြတယ်၊ ဒါ့ထက် ဆန်းကြယ်တာ ရှိသေးတယ်ဗျ"

"ဘာများ ပါလိမ့်"

"ရှေးခေတ် အခါက မှော်ဆရာ၊ နတ်ဆရာကြီးတွေက သလင်းကျောက်ကို ဝိညာဉ်တွေ သိုလှောင်ထားရာ ပစ္စည်းအဖြစ် အသုံးပြုကြသလို အနာဂတ် မျက်လုံးလို့ အမည်ပေးခဲ့ကြတဲ့ သူတို့ သိလိုတဲ့ အကြောင်းတွေကို သလင်းကျောက် လုံးအတွင်းမှာ ပုံဖော်ပြီး ကြည့်လေ့ ရှိကြတယ်ဗျ"

"ဒါဖြင့် ရှေးက မှော်ဆရာကြီးတွေ အသုံးပြုတဲ့ လူတစ်ယောက်ရဲ့ အနာဂတ်ကို ကြည့်နိုင်တဲ့ ၊ မှော်ဖန်လုံး ဆိုတာ သလင်းကျောက်နဲ့ လုပ်ထားတာပေါ့၊ ဟုတ်လား ဆရာကြီး"

"ဟုတ်ပါတယ် သလင်း ကျောက်တုံးကို အမျိုးမျိုး သုံးကြတဲ့ နေရာမှာ ဘုရားတန်ဆောင်း၊ ဂန္ဓကုဋီ တိုက်တွေ၊ နန်းတော်ကြီးတွေမှာ သဘာဝ အလင်းရောင် ကောင်းစွာ ရဖို့ လည်း မြှုပ်နှံ အသုံးပြုကြတယ်၊ သလင်း ကျောက်တွေကို အသုံးပြုထားခြင်း အားဖြင့် အပြင်က သဘာဝ အလင်းရောင်တွေက သလင်းကျောက်က တစ်ဆင့် ဖြတ်သန်းပြီးတော့ ကိုယ်လိုချင်တဲ့ နေရာကို ရောက်အောင် ပို့ပေးနိုင်တယ်ဗျ၊ ဒါကြောင့် နန်းတော်ကြီးတွေမှာ ပိုပြီး အသုံးများကြတယ်"

"ဆရာကြီး ပြောမှ ပဲ သဘော ပေါက်တော့တယ်၊ ဒါထက် ဒီသလင်း ကျောက်နဲ့ ပတ်သက်ပြီးတော့ ဘာထူးခြားချက်တွေ တွေ့ရသလဲ ဆရာကြီး"

"ကျုပ်ကြည့်ရ သမျှတော့ ဒီသလင်း ကျောက်တုံးဟာ သဘာဝ သီးသန့် ကျောက်တုံး မဟုတ်ဘူး ဗျ၊ တစ်နေရာက ပွဲကျနေတာ သော်လည်းကောင်း၊ တစ်ယောက် ယောက်က ဖွဲ့ယူခဲ့တာ သော်လည်းကောင်း ဖြစ်ရမယ်၊ ခင်ဗျား မိတ်ဆွေ ပြောခဲ့သလို လူဖြူကြီးတွေရဲ့ အထွတ်အမြတ် ထားတဲ့ နေရာတစ်ခုခုက ဖွဲ့ယူလာခဲ့တာရော မဖြစ်နိုင်ဘူးလား"

ဆရာကြီး သူရဇ္ဇက ၎င်းထင်မြင်ချက်ကို ပြောပြသည် ။

"သူကတော့ ဒီအကြောင်းကို ဘာမှ မပြောသွားဘူး၊ ဒါပေမဲ့ ဒီ သလင်း ကျောက်တုံး ကျုပ်လက်ထဲ ရောက်ကတည်းက ထူးဆန်းတာတွေတော့ တွေ့နေရတယ် ဆရာကြီး"

"ဘယ်လို တွေ့တာလဲ၊ ပြောပြပါဦး"

ဦးခွန်ဘရင်က သလင်း ကျောက်တုံး ရောက် လာပြီး နောက်ပိုင်း၌ လူဖြူကြီးများ မကြာခဏ ရောက် လာလေ့ ရှိကြောင်း ပြောပြလေသည် ။

ထိုစကား နားထောင်ပြီးသောအခါ ဆရာကြီး သူရဇ္ဇက ...

"ဒီအတိုင်း ဆိုရင်တော့ ကျုပ်ထင်တာတွေ မှန်လောက်တယ်ဗျ၊ ခင်ဗျား မိတ်ဆွေဟာ လူဖြူကြီးတွေ နေတဲ့ နေရာက သူတို့ အထွတ်အမြတ် ထားတဲ့ နေရာက သလင်းကျောက်ကို ဖွဲ့ယူလာခဲ့တာ ဖြစ်ရမယ်၊ ဒါကြောင့် လာတောင်းနေတာ ဖြစ်မှာ ပေါ့"

"အဲဒီ လူဖြူကြီးတွေ အကြောင်းကိုရော ဆရာကြီး သိထားတာတွေ ရော ရှိပါသေးလား"

"ကျုပ်မှတ်တမ်းတွေ ထဲမှာ တော့ မြန်မာနိုင်ငံရဲ့ မြောက်ဘက်ဖျား ဒေသတွေမှာ ထူးဆန်း အံ့ဩဖွယ် ကောင်းတဲ့ နေရာတွေ အများကြီး ရှိတယ်လို့ တွေ့ရတယ်။ တောတောင်တွေ ထဲမှာ လူတွေ မသိတဲ့ ၊ မရောက်နိုင်တဲ့ ၊ တိမ်မြုပ် ပျောက်ကွယ်နေတဲ့ နေရာတွေ အများကြီး ရှိတယ်ဗျ၊ ဟိုနှစ်တွေ တုန်းကဆိုရင် ကျုပ်တောင်မှ မိတ်ဆွေတွေ အခေါ် ကောင်းတာနဲ့ အဲဒီဘက်တွေ ရောက်ခဲ့သေးတယ်"

"ကျုပ်က စာရေးတာလည်း ဝါသနာပါလေတော့ စာရေးတဲ့ နေရာမှာ အဲဒီ အတွေ့အကြုံတွေဟာ တော်တော် တန်ဖိုးရှိတာဗျ"

"ဒါဖြင့် အခု ရထားတဲ့ သလင်း ကျောက်တုံးကြီးကို ဘယ်လိုဆက် လုပ်ရင် ကောင်းမလဲ ဆရာကြီး"

ဆရာကြီး သူရဇ္ဇက အတန်ကြာအောင် စဉ်းစားနေပြီးမှ ...

"ဒီပစ္စည်းမျိုးတွေက လူတွေ လက်ထဲမှာ ကြာရှည် မထားသင့်တဲ့ အရာပဲ၊ ကျုပ်သဘော ပြောရရင်တော့ သူ့နေရာကို ပြန်ပို့ ပေးလိုက်တာ ခင်ဗျားအတွက် အန္တရာယ်ကင်းမယ် ထင်တယ် ကိုဘရင်"

"ကျွန်တော်လည်း အဲဒီလိုပဲ စဉ်းစားနေပါတယ် ဆရာကြီး၊ ခရီးမထွက်ဖြစ်တာ ကြာပြီဆိုတော့ အခုနွေတော့ ခရီးလေး ဘာလေး ထွက်မယ်လို့ စဉ်းစားထားပါတယ်၊ ဒါထက် ကျွန်တော်တို့ ခရီးထွက်ဖြစ်ရင် ဆရာကြီးပါ လိုက်ခဲ့ပါလား ဆရာကြီး"

"ကျုပ်ကလည်း ခရီးထွက်တာကိုတော့ ဝါသနာပါပါတယ်၊ သွားဖြစ်တဲ့ အခါ အကြောင်းကြား လိုက်ပေ့ါဗျာ"

ဟု ဆရာကြီး သူရဇ္ဇက ပြန်ပြောလိုက်သည် ။

ဦးခွန်ဘရင်မှာ လည်း မိမိခရီး ထွက်ဖြစ်လျှင် ဆရာကြီး သူရဇ္ဇပါ လိုက်မည် ဆိုသဖြင့် များ စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ အကယ်၍ အစီအစဉ်များ အချောသတ် စီစဉ်ပြီးပါက ကြိုတင် အကြောင်းကြားမည် ဖြစ်ကြောင်း ပြောဆိုကာ အိမ်အောက်သို့ ပြန်ဆင်းခဲ့ကြသည် ။

အိမ်အောက်သို့ ရောက်သောအခါ ဆရာကြီး သူရဇ္ဇက ...

"ကိုဘရင်ရယ်၊ ခင်ဗျား ကားထဲမှာ ဧည့်သည် ရော ပါလာသေးတယ် မဟုတ်လား၊ အိမ်ပေါ် ခေါ်ခဲ့ရောပေ့ါဗျာ"

ဟု ပြောလိုက်သဖြင့် ဦးခွန်ဘရင်မှာ အံ့ဩစွာဖြင့် မိမိ ကားရှိရာသို့ လှမ်းကြည့် လိုက်သောအခါ မည်သူမှ မတွေ့ရသဖြင့် အံ့ဩ သွားလေသည် ။

"ကားထဲမှာ ဘယ်သူမှ မရှိပါဘူး ဆရာကြီးရဲ့ ၊ ကျွန်တော် တစ်ယောက်တည်း မောင်းလာတာပါ၊ ဘာများ တွေ့လို့ လဲဟင်"

"စောစောက ခင်ဗျား ကားထဲမှာ လူနှစ်ယောက် ထိုင်နေတာ လှမ်းမြင် လိုက်မိသလားလို့ ပါ၊ ဘယ်သူမှ မပါဘူးလား"

"မပါပါဘူး ဆရာကြီးရဲ့ "

"အင်း ... အသက်တွေက ကြီးလာတော့ မျက်လုံးတွေလည်း သိပ်မကောင်း တော့ပါဘူးဗျာ"

ဟု သာ ပြောလိုက် ရသော်လည်း ဆရာကြီး သူရဇ္ဇ အနေနှင့် စောစောက ကားထဲမှာ ထိုင်နေသော အဝတ်ဖြူဖြူနှင့် လူနှစ်ယောက်ကို သေသေချာချာ မြင်လိုက်ရခြင်းကိုမူ သူတစ်ယောက်တည်းသာ အသိဆုံး ဖြစ်ပေတော့သည် ။

မကြာမီ ...

ဦးခွန်ဘရင်၏ ကားကလေးသည် ခြံဝင်း အတွင်းမှ ပြန်လည် မောင်းထွက် သွားလေတော့သည် ။

*****